LIFE STYLE . FASHION . BEAUTY . ENTERTAINMENT . IT

# FOCUS ONLINE

ISSUE 42, VOL 10, 25th May, 2013




Focus Online Cover Model ပြိုင်ချင်သူ မော်ဒယ်များအတွက် အခွင့်အရေး

## Focus Online Cover Model Contest

Inside !!!

ISSUE 42




အယ်ဒီတာ့စကား

Focus Online Cover Model Contest ကို စတင်လိုက်ပါပြီ။ ပထမအသုတ်အနေနှင့် Focus Online New Face Model များထဲမှ ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ၃ လ တစ်ကြိမ် ရွေးချယ်ဖို့ ရည်ရွယ်ထားတာမို့ ဒုတိယ အသုတ်အတွက် လျှောက်လွှာတွေ လက်ခံနေပါပြီ။ စိတ်ဝင်စားသူများ ယှဉ်ပြိုင်လိုသူများ myanmarfocusonline@gmail.com ကို email ပေးပို့နိုင်ပါတယ်။ ဓါတ်ပုံရိုက်ကူးမှုများနှင့် အဓိက ရွေးချယ်သွားမှာမို့ ဒီတစ်ပတ် Focus Online ထဲမှာ နမူနာယူစရာ နာမည်ကြီးမော်ဒယ်များရဲ့ ဓါတ်ပုံများကို ဝေဆာစွာထည့်သွင်းပေးထားပါတယ်။ Focus Online ပရိသတ်များ အားလုံး ကြိုက်နှစ်သက်နိုင်ကြပါစေ။

ရဋ္ဌ
Myanmar Focus Online
Chief Editor


Min Thein Khant
Page . 61








Cover Story
Page . 4





Special Feature
Page . 20






Hot Guy Online
Page . 50

Cover Model Contest
Page . 67









Gucci Pre Fall 2013 Campaign
Page . 48



**Focus Online Editor Group**

**Chief Editor**
Rahta

**Photographer**
Rahta
Maung Pyai Phyoe

**Beauty Editor**
Maung Pyai Phyoe

**Art Director**
Nyo Minn Khant

**IT Editor**
Moe Htet Kyaw (IT Profile)

**Marketing**
Shwe Mann Tharr

**Layout Design**
Rahta
PS (Creation Base)

**Make Up Artist**
Gucci Aung (NNM-Sanchaung)
Bo Bo Ni (Mogok)

**Cover Model**
Htet Nu Nu Shein,
Nwe Oo Ko
Hellen Myo Ko

**Cover Photo**
Maung Pyai Phyoe

**Cover Dress**
Heart Link Fashion



FAVORITE
Sanitory Napkin
ထုပ်ပိုးမှု ပုံစံအသစ် အရည်အသွေး အသစ်နှင့်အတူ
ခံစားမှုအသစ်များကို ယူဆောင်လာပေးမည်
အမျိုးသမီးတိုင်းအတွက် . . .
FOCUS
Distributed by Favorite Focus Company Limited
အမှတ် (၁၀၇)၊ လမ်း ၃၀၊ ၆၅လမ်းနှင့် ၆၆ လမ်းကြား၊ မန္တလေး။ ဖုန်း ၀၉ - ၄၃၀၉၄၉၀၀၊ ၄၉၂၃၁၈၈၈

# *Model* အကြောင်းပဲပြောချင်တယ်လို့ ဆိုလာတဲ့
# မော်ဒယ်လ်မမများ



Model : Nwe Oo Ko, Hellen Myo Ko, Htet Nu Nu Shein
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
Make Up : Gucci Aung (Nyi Nyi Maung Sanchung)
Dress : Heart Link Fashion (09-420013617)

ဒီတစ်ပတ် Focus Online Cover ကို အရမ်းသဘောကျမိသည်။ ပူပြင်းတဲ့နေရောင်ခြည်ဒဏ်ကြောင့် အသားတွေရဲ တက်လာသည့်အထိ Focus Online အတွက်ရော၊ပရိသတ်အတွက်ပါ ကြိုးစားပမ်းစားဖြင့် ဓါတ်ပုံရိုက်ကူးပေးသော ညီမငယ်များကို ကျေးဇူးအထူးတင်မိပါသည်။ Focus Online ပရိသတ်အကြိုက်ဖြစ်အောင် တက်ညီလက်ညီဖြင့် ပိုင်းဝန်း သရုပ်ဖော်ပေးကြသည့် ညီမငယ်များရဲ့ ရင်တွင်းခံစားချက်များကို Focus Online ပရိသတ်အတွက် တင်ဆက်လိုက်ရပါသည်။ ညီမငယ်များနှင့် မေးမြန်းဖြစ်သမျှကတော့.......

## Nwe Oo Ko

**ညီမကိုပထမဦးဆုံးအနေနဲ့ Focus Online Cover ရိုက်ရတဲ့အပေါ် ခံစားချက်လေးပြောပါဦး။**

အရမ်းကိုလည်း ပျော်တာပေါ့နော်။ ပြီးတော့အရမ်းကို ကျေနပ်တယ်။ Focus Online က ဓါတ်ပုံရိုက်မယ်လို ဖုန်းဆက်လာတယ်။ Cover လို့ သိလိုက်ရတဲ့အချိန်မှာ အရမ်းကိုပျော်သွားတယ်။ ဘာလို့လဲဆိုတော့ Focus Online လိုနာမည်ကြီးတဲ့ ဖက်ရှင်မဂ္ဂဇင်းမှာ Cover Model ဖြစ်ခွင့်ရတဲ့အတွက် အရမ်းလည်းပျော်သလို၊ အရမ်းလည်းကျေနပ်တယ်။ ညီမကြိုးစားရခဲ့တဲ့ နှစ်တွေကလည်း မနည်းဘူးလေ။ ကိုယ့်ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့အတွက် အရမ်းကိုလည်းကျေနပ်တယ်။ အခုနောက်ပိုင်း ပရိသတ် တကယ့်တောင်းဆိုလာသူကိုမှ Cover Model ရွေးချယ်တယ်လို့သိရတော့ ပိုပြီးကျေနပ်မိတယ်။F ocus Online Cover ဖြစ်ရဖို့အတွက် အစွမ်းကုန်ပြိုင်ပွဲဝင်နေကြတဲ့ မော်ဒယ်လ်အသစ်လေးတွေကိုကြည့်ပြီး ..ဩော် ငါလည်း Focus Online Cover ဖြစ်ခွင့်ရပါလားဆိုတဲ့ အတွေးကြောင့် ကျေနပ်မိသလို Focus Online ကိုလည်း အရမ်း ကျေးဇူးတင်တယ်။

**အခုလိုညီမအရမ်းကြိုက်တဲ့ ဖက်ရှင်ပုံစံနဲ့ရိုက်ရတယ်ဆိုတော့ ဘယ်လိုနေလဲ။**

ညီမတို့ ကမော်ဒယ်လ်ဆိုတော့ ဘာ ဖက်ရှင်လာလာအကုန်ရွေးချယ်ပိုင်ခွင့်မရှိဘူး။ Complain တက်ခွင့်လည်းမရှိဘူး။ ဒါကမော်ဒယ်လ်ရဲ့ Life ပဲ။ ကိုယ့်ကိုပေးလာတဲ့အဝတ်အစားကိုအမိုက်ဆုံး၊ အပေါ်လွင်ဆုံးဖြစ်အောင်ဝတ်ဆင်ပြသရတယ်လေ။ တခါတလေ ဘယ်လိုမှ ဝတ်လို့အဆင်မပြေတော့မှသာ complain တက်ရတာ။ ဒါကမြန်မာပြည်အနေနဲ့မို့တက်ခွင့်ရတာလေ။ နိုင်ငံခြားမှာက သိတဲ့အတိုင်းပဲလေ။ ဒီဇိုင်နာတွေ ဘာပဲဆင်ဆင် အကုန်ဝတ်ရတာများတယ်။ အခုညီမဝတ်ရတဲ့ ဖက်ရှင်ကို အရမ်း သဘောကျတယ်။လုံးဝ free style ပေါ့နော်။ လုံးဝအမိုက်စား။ လုံးဝအလန်းစားပေါ့။ အပြင်မှာဝတ်လေ့ဝတ်ထမရှိတဲ့ ပုံစံမျိုးတွေပေါ့။ အဲဒါကိုသဘောကျတာ။

**အခုညီမရဲ့ လတ်တလောအနုပညာလှုပ်ရှားမှု တွေကိုလည်း ပရိသတ်သိအောင်ပြောပါဦး။**

ညီမ ရှိုးပွဲကတော့ တောက်လျှောက်လျှောက်ဖြစ်တာပေါ့နော်။ အဓိက,ကတော့ Myanmar Models Management နဲ့ တောက်လျှောက်လျှောက်ဖြစ်နေပါတယ်။ ပြီးတော့မဂ္ဂဇင်းတွေအတွက် ရိုက်ဖြစ်နေပါတယ်။ Mega သောက်ရေသန့် ကြော်ငြာအသစ်လည်းရိုက်ထားပါတယ်။

**ညီမကို ရှိုးပွဲတော်တော်များများမှာတွေ့နေရတော့ ညီမရှိုးလျှောက်ခဲ့တဲ့ရှိုးပွဲပေါင်းဘယ်လောက်လောက်ရှိပြီလဲ။**

ရှိုးပွဲကတော့ခန့် တောင်မခန့် မှန်းနိုင်တော့ဘူး။ တော်တော်များနေပြီ။ ဘာလို့လည်းဆိုတော့ မော်ဒယ်လ် လုပ်တာ(၆)နှစ်၊(၇)နှစ်လောက်ရှိပြီ ဆိုတော့လေ။

**မော်ဒယ်လ်တစ်ယောက်ရဲ့ အသက်က ဖက်ရှင်လို့ပြောကြတယ်။ ညီမက ရောဖက်ရှင်နဲ့ပတ်သက်ပြီး ဘာတွေလုပ်ဖြစ်လဲ။**

မော်ဒယ်လ်စလုပ်ကတည်းက Myanmar Models Management က တီချယ်မြရွှေဝါရဲ့ သင်ကြားမှုအောက်မှာပေါ့နော်။



Model - Nwe Oo Ko
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchung)
Dress - Heart Link Fashion (09-420013617)



သူ့ရဲ့သင်ကြားပေးမှုကို တစ်သွေမသိမ်းလိုက် လုပ်နိုင်အောင် ကြိုးစားခဲ့ရတာပေါ့နော်။ Channel တွေကြည့်ဖြစ်တယ်။ MTV music တွေလည်း ကြည့်ဖြစ်တယ်။အဓိက,ကတော့ International ရှိုးပွဲတွေ ကြည့်ဖြစ်တာပေါ့နော်။

**ညီမကို ဖက်ရှင်မော်ဒယ်လ်တစ်ယောက်၊အမိုက်စားမော်ဒယ်လ် တစ် ယောက်လို့ မြင်ကြတဲ့ အပေါ်၊ ညီမကရော ကိုယ့်ကိုယ်ကို ဘယ်လို မြင်လဲ။**

အဲလိုလေးမြင်ပေးတယ်ဆိုရင်တော့ အရမ်းပျော်ပါတယ်။ ကျေနပ်ပါတယ်။ ကိုယ်လည်းအတတ်နိုင်ဆုံးအဲလိုဖြစ်အောင် ကြိုးစားခဲ့ရတဲ့ အချိန်တွေလည်း မနည်းပါဘူး။ အဲလိုလေးမြင်ပေးတဲ့ အတွက် တကယ်ကိုကျေးဇူးတင်တယ်။

**ညီမဆံပင်ပြောင်းလဲတဲ့နောက်ပိုင်း ပိုမိုက်လာတယ်လို့ပြောကြတယ်။ဆံပင်ကရောလူတစ်ယောက်ရဲ့ ဖက်ရှင်ကို ဘယ်လောက်အထိ အထောက်အကူဖြစ်စေသလဲ။**

ဟုတ်ကဲ့။ဖက်ရှင်ကျဖို့ အတွက်အစစအရာရာလိုအပ်ပါတယ်။လူတစ်ယောက်မှာ သူ့ ရဲ့ မျက်နှာတည်ဆောက်ပုံ၊hair style ၊သူ့ရဲ့ body structure တည်ဆောက်ပုံ၊သူ့ ရဲ ဝတ်စားဆင်ယင်မှု၊ အသားအရေနဲ့ နေပုံထိုင်ပုံကအစ စွဲဆောင်ရှိဖို့ လိုအပ်ပါတယ်။ သူ့နေရာနဲ့သူအသုံးဝင်ကြပါတယ်။ အားသာချက် ကိုယ်စီ ရှိတတ်ကြတယ်။ Hair style က second face လို့ ပြောလို့ရပါတယ်။ ညီမအခု hair styleကိုအရမ်းကြိုက်ပါတယ်။ အရောင်တော့ထပ်ပြောင်းဖို့ ရှိပါတယ်။

**ညီမရဲ့ bodyကိုရောဘယ်လိုထိန်းဖြစ်တာလဲ။ ဘယ်လိုအားကစားလုပ်ဖြစ်တာလဲ။**

အားကစားကတော့လုပ်ပါတယ်။ အားကစားကတော့ ကျောင်းတက်နေတုန်းကစပြီး စိတ်ဝင်စားဖြစ်ခဲ့ပါတယ်။ ကျောင်းမှာဘောလီဘောပုတ်တယ်။ မြို့နယ်အဆင့်ပါတဲ့အထိ ကစားဖြစ်ခဲ့တယ်။ဘောလီဘောပုတ်တာကတော့ အရမ်းဝါသနာပါတယ်။ အခုနောက်ပိုင်းမော်ဒယ်လ်လုပ်နေ တယ်ဆိုတော့ သွေးပူလေ့ကျင့်ခန်းတွေ၊လမ်းလျှောက်တာလောက်ပဲလုပ်ဖြစ်တော့တယ်။

Model - Nwe Oo Ko
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchung)
Dress - Heart Link Fashion (09-420013617)

FOCUS

**အခုတက်လာတဲ့ မော်ဒယ်လ်သစ်တွေအတွက် ဘာများပြောချင်ပါလဲ။**

တကယ်ဖြစ်ချင်တယ်ဆိုရင် သေသေချာချာလုပ်ပါ။ အောင်မြင်မှုဆိုတာ အနေနဲ့ အမြန် ရောက်လာမှာပါလို့ ။ ညီမတို့မော်ဒယ်လ်စလုပ်တုန်းကတော့ အခက်အခဲတွေ၊ အမှတ်တရတွေ အများကြီးပဲ။ မော်ဒယ်လ် အကြီးကြီးတွေဆီက ပညာပြတာတော်တော်ခံခဲ့ရတယ်။ သူတို့ ဘက်ကမသိမသာလုပ်လိုက်ပေမယ့် ကိုယ်ကတော့အများကြီးခံစားလိုက် ရတယ်။ ပညာပြတာတော်တော်များပါတယ်။ အခုအချိန်မှာတော့ သိပ်မရှိတော့ဘူး။ ပွင့်လင်းလာပြီ ဆိုတော့ ပိုပြီးမြင်သာလာတယ်။ မော်ဒယ်လ်ခေတ်က အခုနောက်ပိုင်း ပိုပြီး ကောင်းလာတယ်။

**ညီမစံထားရတဲ့ အနုပညာရှင်တွေကိုလည်း ပြောပေးပါဦး။**

မော်ဒယ်အနေနဲ့ရော၊ သရုပ်ဆောင်အနေနဲ့ရော အရမ်းတော်တဲ့ အင်ဂျလီနာဂျိုလီ ကိုကြိုက်တယ်။ ပြည်တွင်းမှာဆိုရင်တော့ ဖွေးဖွေးကို အရမ်းကြိုက်တယ်။ ဖွေးဖွေးကိုတော့အရမ်းလည်းကြိုက်တယ်။ အရမ်းလည်းချစ်တယ်။

**ညီမရဲ့ အချစ်ရေးရာအကြောင်းလည်း ပြောပေးပါလား။**

ဟင်း.....ဟင်း (ရယ်လျှက်) ။အခုရင်လိုပါပဲ၊အေးအေးဆေးဆေးပါပဲလို့။

**နောက်ဆုံးအနေနဲ့ *Focus Online* ကမမေးပဲ ညီမပြောချင်တဲ့ အကြောင်းအရာရှိရင်ပြောပေးပါလား။**

ညီမက မော်ဒယ်လ်အသိုင်းအဝိုင်းဆိုတော့ ဒီမော်ဒယ်လ်လောကမှာဖြစ်တတ်တဲ့ အကြောင်းအရာလေးပဲပြောချင်ပါတယ်။ အခုအချိန်မှာသာ မြန်မာ ပြည်ကြီးကအရမ်းဖွံ့ ဖြိုးလာတယ်ပေါ့နော်။ ညီမတို့ မော်ဒယ်လ်စလုပ်တုန်းက အရမ်းအထင်သေးခံရတယ်။ တစ်ယောက်ယောက်နဲ့ ခင်မင်သိကျွမ်းရလို့ ဘာလုပ်လဲလို့ မေးရင် မော်ဒယ်လ်လို့ ပြောရင်၊ နှာခေါင်းရှုံ့ သွားကြတဲ့လူတွေ၊ မေးငေါ့သွားကြတဲ့လူတွေက ပိုများတယ်။တခါတလေစိတ်မကောင်းဖြစ်ရတယ်။ အခုတော့ အဲလိုလေးတွေသိပ်မရှိတော့ဘူး။ မော်ဒယ်လ်ခေတ်ကောင်းလာတယ်ပေါ့နော်။ မော်ဒယ်လ်ပြိုင်ပွဲအကြီးကြီးတွေ၊ နောက်ပြီး မော်ဒယ်လ်လောကမှာ မော်ဒယ်လ်သီးသန့်နဲ့ ရပ်တည်နိုင်တဲ့လူတွေလည်း ပိုများလာတယ်။ တိုးတက်လာလေအမြင်ပိုကျယ်လာတော့ နားလည်လာကြတယ်။ နားလည်လာကြတဲ့ပရိသတ်ကြီးကို အရမ်းကျေးဇူးတင်တယ်။ ညီမက ကိုယ့်ကိုယ်ကို မော်ဒယ်လ်လို့ ယုံယုံကြည်ကြည် ပြောရဲတယ်။ မြန်မာပြည်မှာတော့ ရှိုးလျှောက်တဲ့ မော်ဒယ်လ်ခေတ်ကောင်းလာဖို့ရှိပါတယ်။မျှော်လည်း မျှော်လင့်ပါတယ်။ အခုဆိုရင်တောင် အရင်ကထက်ပိုကောင်းလာနေပြီ။ ကိုယ်မမှီရင်တောင်နောက်လူအတွက် မော်ဒယ်လ်ခေတ်ရောက်စေချင်ပါတယ်။ အရည်အချင်းရှိတဲ့ မော်ဒယ်လ်တွေရွေးထုတ်ဖို့ပဲလိုတယ်။ အရည်အချင်းရှိတဲ့လူတွေ အများကြီးဆိုတော့လေ။

**နွေဦးကိုရဲ့ ပရိသတ်အတွက်စကား လက်ဆောင်လေးပြောပေးပါဦး။**

ညီမကိုအားပေးကြတဲ့ပရိသတ်တွေ အားလုံး ကာယသုခ၊စိတ္တသုခနဲ့ ပြည့်စုံကြပါစေ။ (၇)ရက်သားသမီးများအားလုံး ကျန်းမာချမ်းသာကြပါစေ။နွေဦးကိုအမြဲကြိုးစားနေပါတယ်။အားပေးကြပါလို့ ပြောချင်ပါတယ်။ FocusOnline လည်းဒီထက်မကအောင်မြင်ပါစေ။ ပရိသတ်အတွက်ရင်မှာ ထာဝရစွဲဆောင်နိုင်ပါစေ.........။



Model - Nwe Oo Ko , Art Director - Nyo Minn Khant
Photo - Maung Pyai Phyoe
Make Up - Gucci Aung (Nyi Nyi Maung Sanchung)
Dress - Heart Link Fashion (09-420013617)


Model - Hellen Myo Ko, Htet Nu Nu Shein
Photo - Maung Pyei Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchung)
Dress - Heart Link Fashion (09-420013617)

## Hellen Myo Ko

***ညီမကရော Focus Online Cover ရိုက်ရတဲ့ခံစားချက်လေးပြောပါဦး။***

ဟုတ်ကဲ့။ဒီတစ်ခါကတော့ ဟယ်လင်အစ်မတွေ၊ သူငယ်ချင်းတွေနဲ့ ရိုက်ရတော့ ပျော်လည်းပျော်ပါတယ်။အမှတ်တရလည်းဖြစ်တယ်။ Focus Online ပရိသတ်အတွက် ဟယ်လင်အကောင်းဆုံးတော့ ကြိုးစားထားပါတယ်။

***ဟယ်လင်လတ်တလောအနုပညာလှုပ်ရှားမှုတွေကိုလည်း သိပါရစေ။***

ဟယ်လင်ကမော်ဒယ်လ်ဆိုတော့ ထုံးစံအတိုင်း ရှိုးပွဲတောက်လျှောက်လျှောက်ဖြစ်နေပါတယ်။ မဂ္ဂဇင်းတွေအတွက်လည်း ရိုက်ဖြစ်ပါတယ်။

ဒီလတ်တလောကတော့ ကြော်ငြာအသစ်(၂)ခုတော့ ထပ်ရိုက်ထားပါတယ်။ ဒါပေမယ့်နောက်ပိုင်း ဟယ်လင်သရုပ်ဆောင်ဘက်ကိုလည်း ကူးပြောင်းဖို့ အစီအစဉ်ရှိပါတယ်။

***ဟယ်လင်ကြိုက်တဲ့ဖက်ရှင်ကိုလည်း သိပါရစေ။***

ဟယ်လင်ကတော့ မိန်းမဆန်တဲ့ဖက်ရှင်တွေကို သိပ်မကြိုက်ဘူး။ ခပ်မိုက်မိုက်အမာပုံစံတွေကို ပိုပြီးသဘောကျတယ်။ တီရှပ်နဲ့ ဂျင်းဘောင်းဘီ တို့ကိုတော့ကြိုက်တယ်။ တခါတလေ ချစ်စရာကောင်းတဲ့ပုံစံတွေဟယ်လင်နဲ့ လိုက်တယ်လို့ ပြောကြပေမယ့် အမာဘက်ကိုပဲလိုက်ပြီးဝတ်ဖြစ်နေပါတယ်။

***ဟယ်လင်ကမော်ဒယ်လ်တစ်ယောက်လည်းဟုတ်၊ Miss တစ်ယောက် လည်း ဟုတ်တယ်ဆိုတော့၊ Model နဲ့ Miss ကဘယ်လိုကွာခြားမှုမျိုးရှိလဲ။***

ဟယ်လင်အမြင်မှာတော့ ဒီမြန်မာပြည်မှာတော့ ဘာမှပြောင်းလဲမှု မရှိဘူးလို့ ထင်တယ်။ မော်ဒယ်လ် တစ်ယောက်က Miss ရသွားရင်နာမည် နည်းနည်းပိုကြီးသွားရင်ကြီးသွားမယ်။ လူပိုသိရင်ပိုသိသွားမယ်။ သိပ်မထူးခြားနားဘူး။ Miss ရသွားလို့ ကြော်ငြာတွေအများကြီးလိုက်လာရင်တော့တစ်မျိုးပေါ့။ ဟယ်လင်ပုတ်ခပ်ပြီးတော့ပြောတာ မဟုတ်ဘူး။ တခါတလေကျရင် Miss တစ်ခုခုရသွားလို့ အရမ်းကြီးဘဝင်မြင့်သွားတဲ့လူလည်းတွေ့ရတတ်တယ်။ အချို့ပွဲတွေမှာဆိုရင် မော်ဒယ်လ်အများကြီးလျှောက်ရတာရှိတယ်၊ ငါက Miss ပဲဆိုပြီးနောက်ကျမှလာတဲ့လူရှိတယ်။ ဟယ်လင်ကတော့ သဘော မကျဘူး။ အဲဒီတော့ဟယ်လင်ပြောချင်တာက Model နဲ့ Miss ကဘာမှမကွာဘူး။



Model - Hellen Myo Ko
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchung)
Dress - Heart Link Fashion (09-420013617)

***ဟယ်လင်ကရော Focus Online ကမမေးပဲဖြေချင်တဲ့ အကြောင်းအရာ ရှိရင်လည်း ပြောပါဦး။***

ဟယ်လင်လည်းခုဏကမနွေဦးကို ပြောသွားတဲ့ အကြောင်းအရာ ကိုပဲထပ်ပြောချင်ပါတယ်။ မောဒယ်လ်ဘဝကိုပါ။ ဟယ်လင်သင်တန်း တက်တုန်းက ဟယ်လင်ခင်ရတဲ့အစ်မတွေရှိတယ်။ ညီမကဘာလုပ်လည်း ဆိုတော့ မော်ဒယ်လ်ပေါ့နော်။ဒါကလည်းသူတို့မေးမှဟယ်လင်ပြောပြ တာပါ။ တချို့ကတော့ရှိတယ်။ ဟယ်လင်နဲ့ခင်နေပေမယ့် ဟယ်လင် မော်ဒယ်လ်လုပ်တာမသိကြဘူး။ အဲဒီအစ်မက ဘာပြန်ပြောလည်း ဆိုတော့ စပွန်ဆာကိုပြောတာလားတဲ့။ ဟယ်လင် ကြောင်သွား တယ်။ဘာလဲပေါ့နော်။ ဘာကိုပြောချင်တာလဲပေါ့။ သူတို့သိထား တာက စပွန်ဆာယူတာကို မော်ဒယ်လ်လို့ထင်ကြတယ်။ မဟုတ် ဘူး အစ်မလို့ ။ စပွန်ဆာယူတိုင်းကလည်းမော်ဒယ်လ်မဟုတ် ဘူးလို့။ မော်ဒယ်လ်တိုင်းကလည်း စပွန်ဆာမယူပါဘူးလို့။ လူအမျိုးမျိုး၊ စိတ်အထွေထွေရှိကြတယ်ဆိုတော့ ဒါက ကိုယ့်ရဲ့ရွေးချယ်မှုနဲ့ပဲဆိုင်တယ်လေ။ အဲလိုရှင်းပြ လိုက်မှ သူကဟုတ်လားတဲ့။ ဆောရီးနော်။ အစ်မက မော်ဒယ်လ်ဆိုတာ စပွန်ဆာလို့ပဲမှတ်နေတာတဲ့။ တခါတလေမော်ဒယ်လ်ဆိုလိုက်တာနဲ့ဝါးလုံး ရှည်နဲ့အားလုံးသိမ်းကြုံးပြီး လိုက်ရမ်းတဲ့ လူတွေရှိတယ်။ အခုခေတ်က ပရိ သတ်တွေက ကိုယ့်ထက်တောင် တော်နေတယ်လေ။ ဘယ်သူက ကောင်းတယ်။ မကောင်းဘူး ဆိုတာ သူတို့ သိပြီးသား။ အဲဒါလေးတော့ ကောင်းသွား ပြီလေ။ သူတို့နား လည်သွား ပြီ။ ကောင်းတယ်ဆို လည်းသူတို့ လက်ခံတယ်။ မကောင်းဘူးဆိုလည်းသူတို့ သိတာပေါ့နော်။

***ညီမကရော ဒီနေ့ ရှိက်ရတဲ့အပေါ် ကျေနပ်မှုရှိရဲလား။***

ကျေနပ်ပါတယ်။ ဟယ်လင်အရမ်းကြိုးစားထားပါတယ်။ Focus Online ကလိုချင်တဲ့ပုံစံမရမချင်း သင်ပေးပါတယ်။ ဟယ်လင် post တွေအဆန်း လုပ်ထားပါတယ်။ ဟယ်လင်ကျေနပ် ပါတယ်။ နေအရမ်းပူပေမယ့်ပုံကောင်း လည်းရတယ်။ ကိုယ်လုပ် ချင်တဲ့ ပုံစံတွေပဲဆိုတော့ အဆင်ပြေတယ်လေ။

***ဟယ်လင်မှာမျက်လုံးအားရှိတယ်နော်။ ဘယ်လိုလေ့ကျင့်ဖြစ်လဲ။***

အစ်ကိုရယ် ဘာအားမှမရှိပါဘူး။ ဟယ်လင်မျက်လုံးက လုံးဝအထိ အခိုက်မခံဘူး။ အခုကနေအရမ်းပြင်းတော့ မျက်စိခဏခဏ ထိခိုက်တတ် တယ်။ ဟယ်လင်အမြဲတမ်း မျက်လုံးအားဆေး ဆောင်ထားရတယ်။ ကျေးဇူး တင်ပါတယ်။ ဓါတ်ပုံကောင်းပုံရဖို့အတွက်က မျက်လုံးနဲ့အများကြီး သက် ဆိုင်နေတော့ သေချာလုပ်ရပါတယ်။ ပြီးတော့အခုက သုံးယောက်ရိုက်ရ တယ်ဆိုတော့ ကိုယ်ကမကောင်းရင်လည်းသုံးရတာအဆင်မပြေဘူးလေ။ အားလုံးကောင်းမှ ဓါတ်ပုံကောင်း ကောင်းရတယ်ဆိုတော့ကြိုးစားရပါတယ်။

***ပရိသတ်အတွက် စကားလက်ဆောင်လည်း ပြောပါဦး။***

ဟယ်လင် အရမ်းကြိုးစားနေပါတယ်။ ဟယ်လင်အသေးအမွှားကအစ ကြိုးစားနေတဲ့အတွက် ဟယ်လင်ကို အားပေးစေချင်ပါတယ်။ ပရိသတ်ကြီး အားလုံးကို ဟယ်လင်အရမ်းချစ်တယ်။ ဟယ်လင်ကိုလည်း ပြန်ချစ်စေချင် ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။



Model - Hellen Myo Ko
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchaung)
Dress - Heart Link Fashion (09-420013617)


Model - Hellen Myo Ko, Nwe Oo Ko
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchung)
Dress - Heart Link Fashion (09-420013617)


Model - Htet Nu Nu Shein
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchung)
Dress - Heart Link Fashion (09-420013617)
FOCUS

## Htet Nu Nu Shein

**ညီမ မင်္ဂလာပါနော်။ Focus Online Cover ရိုက်ရတဲ့အပေါ် ခံစားချက်လေးပြောပါဦး။**

ဟုတ်ကဲ့။မင်္ဂလာပါ။ ညီမအရမ်းပျော်ပါတယ်။ Focus Online မှာ ညီမအရင်ကလည်း ရိုက်ဖူးတယ်။ အခုတစ် ကြိမ်လည်း ဆုံပြန်ပြီပေါ့နော်။ ညီမ အရမ်းပျော်ပါတယ်။ မော်ဒယ်လ်တော်တော်များများ Focus Online Cover ဖြစ်ခွင့်ရတဲ့အချိန်မှာ ညီမလည်းဖြစ်ခွင့်ရတဲ့အတွက် ကျေ နပ်တယ်။

**ဒီနေ့ ရိုက်ကွင်းမှာရော ညီမအတွက်အခက် အခဲရှိလား။**

အခက်အခဲ ရှိလားဆိုတော့ ထွေထွေထူးထူးတော့ မရှိဘူး။ အရမ်းနေပူရင်တော့ မျက်မှောင်ကျုံ့ သွားတတ်တယ်။ ဓါတ်ပုံထဲမှာ အဆင်မပြေမှာပဲ စိုးရိမ်မိတာပါ။ ကိုယ့်တစ်ယောက်ကြောင့် ပုံကောင်း တစ်ပုံမပျက်စီးစေချင်ဘူးလေ။

**ညီမကိုမြင်နေကျဖက်ရှင်နဲ့ နည်းနည်း ကွဲထွက် နေတယ်လို့ မြင်မိလား။**

မြင်တာပေါ့။ ညီမက ပန်းရောင်အကျီတွေနဲ့ သိပ်မြင်လေ့မရှိဘူး။ ညီမနဲ့သိပ်မလိုက်ဘူးလို့ ထင် ထားတယ်။ အခုလိုကျတော့လည်း ညီမနဲ့လိုက် တယ်လို့ ခံစားရတယ်။ ညီမရဲ့ မြင်နေကျ post တွေ နဲ့မတူတာအမှန်ပါပဲ။ ညီမလည်း အစွမ်းကုန်ကြိုးစား ထားပါတယ်။

**ညီမက post အဆန်းတွေ လုပ်ထားတဲ့အပေါ် ကျေနပ်မှုရှိရဲ့ လား။**

ကျေနပ်ပါတယ်။ ညီမက အစွမ်းကုန်ကြိုးစားရ တာပေါ့။ စီနီယာမမတွေနဲ့ အမှီလိုက်ရတာပေါ့။ သူ တို့က post တွေအရမ်းကောင်းတယ်။ ဖက်ရှင် မော်ဒယ်လ်ပိုဆန်တယ်လေ။ ဒီနေ့ရှုတင်မှာ နေအရမ်း ပြင်း ပေမယ့် ညီမတို့အားလုံး ကြိုးစားထားကြပါတယ်။ ဘာပဲဖြစ်ဖြစ်ပါ။ ညီမအရမ်းကျေနပ်တယ်။ Focus Online နဲ့လည်း ရိုက်ရတာပျော်စရာ ကောင်း ပါတယ်။

**ညီမကရော Focus Online မမေးပဲ ပြောချင်တဲ့အကြောင်းအရာရှိရင်လည်းပြောပေးပါဦး။**

အခုက,ကတော့ အခုလောလောဆယ်ဘယ်ပဲသွားသွားတွေးဖြစ်နေတာက ကားလမ်းအရမ်းပိတ်နေတာပေါ့နော်။ ကားလမ်းကပိတ်တော့ သွားရလာရတာနည်းနည်းဒုက္ခရောက်တယ်။ ကားလမ်းကိစ္စမြန်မြန်အဆင်ပြေစေချင်ပါတယ်။ နောက်ပြီးရာသီဥတုပူပြင်းတဲ့အတွက် ကျန်းမာရေးကိစ္စပေါ့နော်။နေကအရမ်းပူတော့ခဏခဏဖျားကြတယ်။ဒါကြောင့်အားလုံးကျန်းမာရေးကို ဂရုစိုက်ကြပါလို့မှာချင်ပါတယ်။

**ပရိသတ်အတွက် စကားလက်ဆောင်လေးပြောပေးပါဦး။**

ညီမကို အားပေးကြပါလို့ ပြောချင်ပါတယ်။အားလုံးကိုယ်ကျန်းမာစိတ်ချမ်းသာကြပါစေ။Focus Online ကိုလည်းအများကြီးကျေးဇူးတင်ပါတယ်။




Model - Htet Nu Nu Shein
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchaung)
Dress - Heart Link Fashion (09-420013617)
FOCUS

Model - Nwe Oo Ko, Hellen Myo Ko, Htet Nu Nu Shein
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Make Up - Gucci Aung (Nyi Nyi Maung Sanchung)
Dress - Heart Link Fashion (09-420013617)




Devilicious beauty
FOCUS


Devilicious beauty


Devilicious beauty
FOCUS


Devilicious beauty

# SPECIAL FEATU

Hair & Make Up : Bo Bo Ni (Mogoke)
Dress : V Men Fashion
35 St, Bet 71x72 St, MDY
Photo : Rahta
Arrangement : Shwe Mann Tharr



# SPECIAL FEATURE

HAIR & MAKE UP : BO BO NI (MOGOKE)
DRESS : V MEN FASHION
35 ST, BET 71X72 ST, MDY
PHOTO : RAHTA
ARRANGEMENT : SHWE MANN THARR




FOCUS

# Special Feature

Hair & Make Up : Bo Bo Ni (Mogoke)
Dress : V Men Fashion
35 St, Bet 71x72 St, MDY
Photo : Rahta
Arrangement : Shwe Mann Tharr




FOCUS

# SPECIAL FEATURE

Hair & Make Up : Bo Bo Ni (Mogoke)
Dress : V Men Fashion
35 St, Bet 71x72 St, MDY
Photo : Rahta
Arrangement : Shwe Mann Tharr

EAIN SI




Special Featur
Alinkar Khit
Hair & Make Up
(Mogoke)
Dress : V Men Fashion
St. MDY
Fashion
St. MDY
Arrangement : Shwe Mann Tharr
FOCUS

# Special Feature

Model : Eain Si & A...r Khit
Hair & Make Up : Bo Bo N... (Mogoke)
Dress : ...Men Fashion
35 St, Bet 71x72 St, MDY
S & B Fashion
... St, Bet 70x71 St, MDY
Photo : ...ta
Arrangement : Shwe Mann Tharr



# Special Feature

Model : Eain Si & Alinkar Khit
Hair & Make Up : Bo Bo Ni (Mogoke)
Dress : V Men Fashion
35 St, Bet 71x72 St, MDY
S & B Fashion
35 St, Bet 70x71 St, MDY
Photo : Rahta
Arrangement : Shwe Mann Tharr



# Special Feature

Model : Eain Si & Alinkar Khit
Hair & Make Up : Bo Bo Ni (Mogoke)
Dress : V Men Fashion
35 St, Bet 71x72 St, MDY
S & B Fashion
35 St, Bet 70x71 St, MDY
Photo : Rahta
Arrangement : Shwe Mann Tharr



# Special Feature

Model : Eain Si & Alinkar Khit
Hair & Make Up : Bo Bo Ni (Mogoke)
Dress : V Men Fashion
35 St, Bet 71x72 St, MDY
S & B Fashion
35 St, Bet 70x71 St, MDY
Photo : Rahta
Arrangement : Shwe Mann Th[illegible]



# SPECIAL FEATURE

MODEL : EAIN SI & ALINKAR KHIT
HAIR & MAKE UP : BO BO NI (MOGOKE)
DRESS : V MEN FASHION
35 ST, BET 71X72 ST, MDY
S & B FASHION
35 ST, BET 70X71 ST, MDY
PHOTO : RAHTA
ARRANGEMENT : SHWE MANN THARR



FOCUS

# Special Featu

Model : Eain Si & Alinkar Khit
Hair & Make Up : Bo Bo Ni (Mogoke)
Dress : V Men Fashion
35 St, Bet 71x72 St, MDY
S & B Fashion
35 St, Bet 70x71 St, MDY
Photo : Rahta
Arrangement : Shwe Mann Tha




Model : Eain Si & Alinkar Khit
Hair & Make Up : Bo Bo Ni (Mogoke)
Dress : V Men Fashion
35 St, Bet 71x72 St, MDY
S & B Fashion
35 St, Bet 70x71 St, MDY
Photo : Rahta
Arrangement : Shwe Mahn Tharr

# Special Feature




FOCUS

# SPECIAL FEATURE



MODEL : ALINKAR KHIT
HAIR & MAKE UP : BO BO NI (MOGOKE)
S & B FASHION
35 ST. BET 70X71 ST. MDY
PHOTO : RAHTA
ARRANGEMENT : SHWE MANN THARR

# SPECIAL FEATURE

MODEL : ALINKAR KHIT
HAIR & MAKE UP : BO BO NI (MOGOKE)
S & B FASHION
35 ST, BET 70X71 ST, MDY
PHOTO : RAHTA
ARRANGEMENT : SHWE MANN THARR




Special Feature
Model : Alinkar Khit
Hair & Make Up : Bo Bo Ni (Mogoke)
S & B Fashion
35 St, Bet 70x71 St, MDY
Photo : Rahta
Arrangement : Shwe Mann Tharr
FOCUS





FOCUS









FOCUS

# Box Office 17-19 May 2013




| No. | Name | Gross (Million) |
|---|---|---|
| 1. | Star Trek Into Darkness | 70.1 |
| 2.. | Iron Man 3 | 35.7 |
| 3. | The Great Gatsby (2013) | 23.9 |
| 4. | Pain and Gain | 3.2 |
| 5. | The Croods | 3.0 |
| 6. | 42 | 2.8 |
| 7. | Oblivion | 2.3 |
| 8. | Mud | 2.2 |
| 9. | Tyler Perry Presents Peeples | 2.1 |
| 10. | The Big Wedding | 1.2 |




STAR TREK
INTO DARKNESS
05.17.13
StarTrekMovie.com
SKYDANCE PRODUCTIONS
FOCUS

Director:
J.J. Abrams
Writers:
Roberto Orci, Alex Kurtzman, 2 more credits »
Stars:
Chris Pine, Zachary Quinto, Zoe Saldana

Story Line :
When the crew of the Enterprise is called back home, they find an unstoppable force of terror from within their own organization has detonated the fleet and everything it stands for, leaving our world in a state of crisis. With a personal score to settle, Captain Kirk leads a manhunt to a war-zone world to capture a one man weapon of mass destruction. As our heroes are propelled into an epic chess game of life and death, love will be challenged, friendships will be torn apart, and sacrifices must be made for the only family Kirk has left: his crew. Written by Paramount Pictures




















YOU THINK
YOUR WORLD IS SAFE...
STAR TREK
INTO DARKNESS


NO STEP
MC-9321
MC-9321




STAR TREK
INTO DARKNESS
FOCUS



# Gucci Pre Fall 2013 Campaign





# Gucci Pre Fall 2013 Campaign





# HOT GUY ONLINE




Model - Thin Zaw Hun
Photo - Maung Pyai Phyoe
Arrangement - Nyo Minn Khant

FOCUS


HOT GUY ONLINE
Model - Thin Zaw Hun
Photo - Maung Pyai Phyoe
Arrangement - Nyo Minn Khant
CHRISTIAN
ANDREW CH
FOCUS


HOT GUY ONLINE
Model - Thin Zaw Hun
Photo - Maung Pyai Phyoe
Arrangement - Nyo Minn Khant

# HOT GUY ONLINE




Model - Thin Zaw Hun
Photo - Maung Pyai Phyoe
Arrangement - Nyo Minn Khant




Model - Thin Zaw Hun
Photo - Maung Pyai Phyoe
Arrangement - Nyo Minn Khant



**Spring-Summer 2014 Bridal Dresses**
**by Oscar de la Renta**




















FOCUS








# Fashion Corner With Min Thein Khant

Model - Min Thein Khant
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Dress - Focus Online

FOCUS

**ညီလေး လတ်တလော အနုပညာ လှုပ်ရှား မှုလည်းသိပါရစေ။**

မဂ္ဂဇင်းရိုက်တယ်။ ကြော်ငြာရိုက်တယ်။ Vitron အားဆေးကြော်ငြာရယ်၊ Gym ကြော်ငြာရယ်ကတော့ လောလောဆယ် ပေါ့နော်။ အရင်ကရိုက်ခဲ့တဲ့ ကြော်ငြာက တော့(၅)ခု၊ (၆)ခုရှိနေပြီ။ ပုဆိုးကြော်ငြာ တို့၊ TRI ကြော်ငြာတို့ ပေါ့နော်။

**ဒီနေ့ရိုက်ရတဲ့အပေါ် ဘယ်လိုခံစား မှုရှိလဲ သိပါရစေ။**

ပထမဆုံးရိုက်တဲ့ ဝတ်စုံကတော့ ဆွဲကြိုး အကြီးပါတာပေါ့နော်။ အဲဒါလေးကတော့ ကျွန်တော်တစ်ခါမှ ဆွဲလေ့ဆွဲထမရှိသလို တစ်ခါမှလည်းဝတ်ပြီးမရိုက်ဖူးဘူးပေါ့နော်။ ဒါကလည်း ဒီဇိုင်နာ စိတ်ကူးပေါ့နော်။ ပရိသတ်တွေဘယ်လိုမြင်မလဲတော့မသိ ဘူး။ ဒါပေမယ့် အမြင်ဆန်းစေတယ်လေ။

# Min Thein Khant



| | |
|---|---|
| Model | - Min Thein Khant |
| Photo | - Maung Pyai Phyoe |
| Art Director | - Nyo Minn Khant |
| Dress | - Focus Online |

FOCUS


Min Thein Khant
Model - Min Thein Khant
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Dress - Focus Online


Model - Min Thein Khant
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Dress - Focus Online

**သွေးတွေပေနေတဲ့ပုံစံလေးတွေနဲ့ ရိုက်ရတော့ဘယ်လိုနေလဲ။**

ဒီနေ့ ရိုက်ရတဲ့ ပုံစံအားလုံးက ကျွန်တော်တစ်ခါမှမရိုက်ဖူးတဲ့ပုံစံတွေချည်းပဲ။ဒါပေမယ့် ကျွန်တော်ကြိုက်တယ်။ သွေးနဲ့ ကတော့ လူတော့နည်းနည်းတော့ပေတာပေါ့လေ။ ဆေးအရည်လေးလောင်လိုက်တဲ့အချိန်မှာ အရမ်းပူတယ်။ ဆေးရေကိုရေနဲ့ ရောပြီးမှ အေးသွားတာ။ဝတ်စုံကအဖြူရောင်ဆိုတော့ နမြောတော့နမြောတယ်။ ဒါပေမယ့် ကျွန်တော်ကြိုက်တယ်။ ဒုတိယဝတ်စုံက မိုးကာအပါးလေးဆိုပေမယ့် အသားကပ်အောင် ရေလောင်းရတယ်။ Focus Online က သူလိုချင်တဲ့ပုံစံအတိုင်း ကျွန်တော့်ဘက်က အကောင်းဆုံးကြိုးစားပေးရတာပေါ့နော်။

**ပြိုင်ပွဲဝင်ပြိုင်တဲ့အသစ်တွေအတွက် စကားလက်ဆောင်တွေက။**

အားလုံးကြိုးစားကြပါ။ နောက်ဆုံးအဆင့်မရောက်လည်း စိတ်ဓါတ်မကျပါနဲ့ ။ကိုယ့်ဘက်ကသာ အကောင်းဆုံးသာကြိုးစားပါ။ နေရာတစ်ခုခုတော့ ရလာမှာပါ။ ရတဲ့အခွင့်အရေးတွေကိုလည်း အပြည့်အဝ အသုံးချပါ။
အားလုံး ကံကောင်းပါစေလို့ ပြောချင်ပါတယ်။

**ပရိသတ်အတွက်အမှတ်တရလက်ဆောင်လည်းပြောပါဦး။**

အားလုံးကျန်းမာကြပါစေ။ ပျော်ရွှင်ကြပါစေ။






Model - Min Thein Khant
Photo - Maung Pyai Phyoe
Art Director - Nyo Minn Khant
Dress - Focus Online

# Who will be the FOCUS ONLINE COVER ?




ဤကဏ္ဍသည် ယခင်ကတင်ဆက်လျက်ရှိသည့် New Face ကဏ္ဍအား ပုံစံအသစ် တစ်မျိုးဖြင့် ပြန်လည်ဆန်းသစ်ထားခြင်းဖြစ်ပါသည်။ New Face ကဏ္ဍမှ ပါဝင်ဖော်ပြခဲ့သူများနှင့် နောက်ထပ်အရွေးခံရသည့် အနုပညာဝါသနာရှင်များအား စုပေါင်း၍အဆင့်ဆင့်ယှဉ်ပြိုင်စေပြီး ၎င်းတို့ ထဲမှအတော်ဆုံး၊ အရည်အချင်းအရှိဆုံး သူတစ်ယောက်အား Focus Online Cover ရှင်အဖြစ်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ အစီအစဉ်တစ်ခုတွင်ပြိုင်ပွဲဝင် (၁၂)ယောက်ပါဝင်ပြီး တစ်ပတ်ကိုတစ်ယောက်နှုန်းဖြင့် ချန်ထားခဲ့မည်ဖြစ်သည်။ ပြိုင်ပွဲကာလသည် (၁၂)ပတ်ကြာပြီး အပတ်တိုင်း၌ မတူညီသည့် မိတ်ကပ်ဖန်တီးမှု (make-up creation)၊ဆံပင်စတိုင်ဖန်တီးမှု (hair style creation)၊ ဒီဇိုင်နာဝတ်စုံဖန်တီးမှု (Designer dress creation) နှင့်အတူဓါတ်ပုံအရိုက်ခံပြီး ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ဓါတ်ပုံရိုက်ကူးရန်အတွက် လိုအပ်သောဝတ်စုံ၊ မိတ်ကပ်များကို Focus Online မှအားလုံးကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။





## စည်းကမ်းချက်များ

(၁) ပြိုင်ပွဲဝင်များသည် ဓါတ်ပုံရိုက်ကူးသည့်ရက်များတွင် သတ်မှတ်ထားသောနေရာ၊ သတ်မှတ်ထားသောအချိန်၌ တိကျစွာရောက်ရှိနေရမည်။

(၂) လိုအပ်သည့်ဝတ်စုံ၊မိတ်ကပ်နှင့်ဆံပင်ပုံစံများအား Focus Onlineမှတာဝန်ရှိသူများ စီစဉ်ညွှန်ကြားမှု အောက်တွင် နာခံရမည်။

(၃) ပြိုင်ပွဲမပြီးမချင်း ကိုယ့်သဘောအရ ထွက်သွားခွင့်မပြု။

(၄) နယ်မှာဓါတ်ပုံရိုက်ကူးရန်လိုအပ်ပါက ခရီးသွားနိုင်ရမည်။




## ပြိုင်ပွဲပုံစံ

(၁) Focus Online မှသတ်မှတ်ထားသော ခေါင်းစဉ်အောက်တွင် အကောင်းဆုံး ယှဉ်ပြိုင်သူအား အဆင့်ဆင့်ရွေးချယ်သွားမည်။

(၂) American Idol, American Next Top Models ပုံစံကဲ့သို့ တစ်ပတ်တစ်ကြိမ် ဓါတ်ပုံရိုက်ယှဉ်ပြိုင်ရမည်။

(၃) ပြိုင်ပွဲဝင်ထဲ၌ တစ်ပတ်တစ်ကြိမ် အညံ့ဆုံးတစ်ယောက် အားချန်ထားခဲ့မည်။

(၄) ရုပ်ချောသူ၊ ရုပ်ဆိုးသူနှင့်မသက်ဆိုင်ပဲ ချမှတ်ထားသည့်ခေါင်းစဉ်အောက်၌ အကောင်းဆုံးယှဉ်ပြိုင်သူကိုသာ ရွေးချယ်မည်။

(၅) ရှေ့အပတ်၌ အကောင်းဆုံးယှဉ်ပြိုင်စေကာမူ လက်ရှိအပတ်၌ အမှတ်နည်းနေပါက ချန်ထားခဲ့မည်။ တစ်ပတ်ချင်းစီ၏ ရမှတ်များ မသက်ဆိုင်ပါ။ အကယ်၍ နောက်ဆုံးကျန်ခဲ့သူနှစ်ယောက်၏ ရမှတ်များ တူညီမှသာလျှင်ယခင်အမှတ်များ အားပြန်လည်ကြည့်ရှုမည်ဖြစ်သည်။



## အမှတ်ပေးစည်းမျဉ်း

(၁) Focus Online မှတာဝန်ရှိသူများက ရွေးချယ်စီစစ်၍ အမှတ်ပေးသွားမည်ဖြစ်ပါသည်။

(၂) အမှတ် ၁၀၀တွင် Focus Online မှ ၇၅အမှတ်အထိပေး ခွင့်ရှိသည်။ ကျန်သည့် ၂၅ မှတ်သည် ပရိသတ်များ၏ Like နှင့်သာသက်ဆိုင်သည်။ ပြိုင်ပွဲဝင်ထဲက like အများဆုံးရသူ၏ အမှတ်သည် ၂၅ မှတ်ဖြစ်ပြီး အများဆုံးရသောသူ၏ like ratio ဖြင့်အမှတ်ပေး သွားမည်။ (ဥပမာ နီနီသည် like ၁၀၀ ဖြင့်အများဆုံးရရှိသွားပါက ၂၅မှတ်တိတိ ရရှိမည်။ မောင်မောင်သည် like ၅၀ ရရှိပါ ၁၂.၅ မှတ်ရရှိမည်။)

(၃) ဓါတ်ပုံရိုက်ကူးရာ၌ ဓါတ်ပုံထဲတွင်မျက်လုံးအသက်ပါခြင်း၊ post ပေးကျွမ်းကျင်ခြင်း၊ မျက်နှာနှင့်ကိုယ်နေဟန်လုပခြင်း၊ ဝတ်စုံ၊ဆံပင်နှင့်မိတ်ကပ်များအား ပေါ်လွင်အောင် ပြသနိုင်ခြင်း၊ ချမှတ်ထားသည့် ခေါင်းစဉ်အောက်တွင် ပေါ်လွင်အောင် သရုပ်ပြသနိုင်ခြင်းနှင့် စည်းကမ်းလိုက်နာခြင်းဖြစ်ပါသည်။

---

## အားသာချက်များ

(၁) အသစ်တစ်ယောက်အတွက် ပရိသတ်များလွယ်ကူစွာ သတိထားမိခြင်း။

(၂) အခြားပြိုင်ပွဲများကဲ့သို့ အဝတ်အစား၊ဆံပင်နှင့်မိတ်ကပ်အတွက် စီစဉ်စရာမလိုခြင်း။

(၃) အပတ်တိုင်းဓါတ်ပုံရိုက်ကူးခြင်းရှိ၍ photo post သဘောတရားများသိရှိခြင်း။

(၄) နာမည်ကြီးမော်ဒယ်လ်များနှင့်တွဲရိုက်ရမည်ဖြစ်၍ ပညာဖလှယ်ခွင့်ရခြင်း။

(၅) ပြိုင်ပွဲသဘောမို့ ပရိသတ်သတ်ပိုမိုစိတ်ဝင်စားခြင်း။

(၆) မိမိအားသာချက်၊အားနည်းချက်များအား တာဝန်ရှိသူများနှင့်တကွ ပရိသတ်များကပါထောက်ပြမည်၍ သိရှိသွားခြင်း။

(၇) ပြိုင်ပွဲအဆုံးထိမရောက်နိုင်ရင်တောင် လူပိုမိုသိရှိ၍ အနုပညာအလုပ်အတွက် အထောက်အပံ့ဖြစ် စေခြင်း။

(၈) မိမိကိုယ်ရည်ကိုယ်သွေးအား ထုတ်ပြသခွင့်ရခြင်း။

(၉) နောက်ဆုံးကျန်သည့်တစ်ယောက်သည် ဆုတံဆိပ်ရရှိပြီး Focus Online Cover ဖော်ပြခံရခြင်း။

(၁၀) အနိုင်ရသွားသည့်သူသည် နောက်အစီအစဉ်တစ်ခု၌ လိုအပ်သည့်အပတ်အတွက် မျက်နှာသစ်များ နှင့်အတူနောက်ထပ်ဓါတ်ပုံရိုက်ခံရခြင်း။

(၁၁) Focus Online မှစီစဉ်ကျင်းပသောပွဲများ၌ VIP အဖြစ်တက်ရောက်ခွင့်ရှိခြင်း။ (ဝတ်စုံ၊မိတ်ကပ်နှင့်ဆံပင်အားလုံးစီစဉ်ပေးခြင်း)။

---

*ပြိုင်ပွဲကိုစိတ်ဝင်စားသောသူများသည်*

ကိုယ်ရေးအချက်အလက်ပြည့်စုံနှင့်ဓါတ်ပုံ(၂)ပုံ(မျက်နှာအနီးကပ်တစ်ပုံ၊တစ်ကိုယ် လုံးပုံတစ်ပုံ) အား Myanmarfocusonline@gmail.com သို့ ပေးပို့နိုင်ပါသည်။ ဤကဏ္ဍအတွက်ကြော်ငြာထည့်သွင်းလိုသည်ဖြစ်စေ၊ဝတ်စုံ၊မိတ်ကပ်နှင့် ဆံပင် အတွက် sponsor ပေးလိုသည်ဖြစ်စေ၊အကြံအဉာဏ်များပေးလို သည်ဖြစ်စေ Myanmarfocusonline@gmail.com သို့ ပေးပို့နိုင်သလို၊ ဖုန်း ၀၉၇၃၁၄၂၈၉၂သို့ လည်း ဆက်သွယ်နိုင်ပါသည်။






















FOCUS


New Face
Model
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
FOCUS



# New Face Model

Photo : Maung Pyai Phyoe

Art Director : Nyo Minn Khant

အမည်အရင်း - မောင်ဇေယျာစိုးစံလင်း။

အနုပညာအမည် - ထင်ရှားအောင်။

မွေးသက္ကရာဇ် - ၉.၈.၁၉၉၄။

မိဘအမည် - ဦးဝင်းလှိုင်၊ ဒေါ်သီတာမြိုး။

နေရပ်လိပ်စာ - အမှတ်(၁၆၂) ၄ လမ်း ၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။

အရပ် - (၅)ပေ(၈)လက်မ။

ဝါသနာ - မော်ဒယ်လ်၊ သရုပ်ဆောင်။

ရည်မှန်းချက် - သရုပ်ဆောင်ကောင်းတစ်ယောက်။

ထင်ရှားအောင်ရဲ့ အကြိုက်ဆုံးတွေကတော့ . . .

ဆံပင်အရောင် - အနက်။

ဆံပင်ပုံစံ - အီမို(Emo)။

အားကစား - ဘောလုံးကန်ခြင်း။

နေရာ - ချောင်းသာ။

အဆိုတော် - စိုင်းစိုင်းခမ်းလှိုင်။

သရုပ်ဆောင် - မင်းမော်ကွန်း။

သီချင်း - ရက်(ပ်)(Rap)။ (ရည်စားစာ)။

ရုပ်ရှင် - comedy(အိုပယ်ဇာတ်ကား)။

အစားအစာ - မုန့်ဟင်းခါး။

လက်ဝတ်ရတနာ - ရွှေဖြူ။

လက်ကိုင်ထားသော ဆောင်ပုဒ် - ကိုယ်ယုံကြည်ရာအလုပ်ကိုလုပ်။

အကယ်၍သင်ဟာ Focus Online Cover ရှင်ဖြစ်ခဲ့ရင်ခံစားချက်။

ကိုယ်ဝါသနာအပါဆုံးအလုပ်မှာအောင်မြင်ခဲ့ရင်(Focus Online Cover) ဖြစ်ခဲ့ရင်အနုပညာလမ်းအတွက်အားဆေးတခွက်ပေါ့။

ပရိသတ်အတွက်စကားလက်ဆောင်။

အသစ်တယောက်ဖြစ်တဲ့ကျွန်တော့်ကိုအားပေးပါ။


New Face
Model
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
ZARA
FOCUS

# NEW FACE Model

*Photo : Maung Pyai Phyoe*

ART DIRECTOR : NYO MINN KHANT



အမည်
မိဘအမည် - ခန့်ပြားဇင်
ဒေါ်အေးမြတ်မြတ်မိုး - ဦးတင်မောင်သန်း၊
မွေးသက္ကရာဇ်
သွေးအုပ်စု - ၂၇.၉.၁၉၉၅
အရပ်အမြင့် - အေ
ကိုယ်အလေးချိန် - 5'7"
ပညာအရည်အချင်း - 129 lbs
- Second Year , University of Technology (Yadanarbon Cyber City)
ဝါသနာ - Model
အနုပညာလောကထဲသို့
ဝင်ရောက်ခဲ့ချိန် - ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ
အနုပညာအတွေ့အကြုံ - Mr.Crown
ရရှိခဲ့ဖူးသည့် ဆု
လတ်တလော - Mr.Crown (2012 February)
အနုပညာလှုပ်ရှားမှု - Stars& Models Int' Agency

ခန့်ပြားဇင် ရဲ့ အကြိုက်ဆုံးအရာများကတော့ ....

အရောင်
ဂီတ - အပြာ
ရုပ်ရှင် - Country ၊ R & B
Fashion - "R2B"
ဆံပင်ပုံစံ - Casual Style
ဆံပင်အရောင် - အထောင် ပုံစံ
အသုံးအဆောင် ပစ္စည်း - အညိုရောင်
Cosmetics - နာရီ
- MAC , Bio-Essence

FOCUS


New Face
Model
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
FOCUS



NEW FACE

# Model

Photo : Maung Pyai Phyoe

ART DIRECTOR : NYO MINN KHANT

| | |
|---|---|
| အမည်အရင်း | - ချိန်ဟုတ် ။ |
| အနုပညာအမည် | - **မင်းချိန်ဟို ။** |
| မွေးသက္ကရာဇ် | - ၁၁. ၃. ၁၉၉၁ ။ |
| မိဘအမည် | - ဦးလှအောင် ၊ဒေါ်ကင်ပဒီး ။ |
| နေရပ်လိပ်စာ | - အမှတ်(၄၃) ဗဟန်း(၂)လမ်း၊ မြို့မရပ်ကွက်။ ဗဟန်းမြို့နယ်။ |
| အရပ် | - (၅)ပေ (၇)လက်မ |
| ဝါသနာ | - အစီအစဉ်တင်ဆက်သူ ၊ [illegible] |
| ရည်မှန်းချက် | - [illegible] ။ |

**မင်းချိန်ဟို ရဲ့ အကြိုက်ဆုံးတွေကတော့ . . .**

| | |
|---|---|
| ဆံပင်အရောင် | - အနက် |
| ဖက်ရှင် | - [illegible] ။ |
| အားကစား | - ပြေးခြင်း။ ကစားခြင်း။ |
| အဆိုတော် | - အကုန်ကြိုက်။ |
| သရုပ်ဆောင် | - ဖြိုးဝေစိုး။မြင့်မြတ်။မို့ မို့ မြင့်အောင်။ |
| စာအုပ် | - ကျော်သူ ။ ဒေါက်တာသန်းထွန်း။ ဦးစိန်ဝင်း။ |
| သီချင်း | - ။ |
| လက်ဝတ်ရတနာ | - လက်စွပ်။ |
| လက်ကိုင်ထားသော ဆောင်ပုဒ် | - ရည်မှန်းချက်နိုင်မြဲရမည်။ကျရှုံးခြင်းသည် အောင်မြင်ခြင်းလှေကားထစ်ဖြစ်သည်။ |

**အကယ်၍သင်ဟာ** ရှင်ဖြစ်ခဲ့ရင်ခံစားချက်။ ပျော်ရွှင်မည် ။ဝမ်းသာမည်။အားပေးချင်တဲ့ပရိသတ်ပိုမိုရနိုင်သည့် အခွင့်ရေးဖြစ်သည်။

**ပရိသတ်တွက်စကားလက်ဆောင်။**

ဝေဖန်ပါ ။သုံးသပ်ပေးပါ ။ အကြံဉာဏ်ပေးပါ ။ ကူညီပေးပါ ။ ပျော်ရွှင်ပါစေကြောင်း ကျန်းမာပါစေကြောင်း ဆုတောင်းပေးလိုက်ပါသည်။

FOCUS ONLINE


New Face
Model
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
FOCUS

# NEW FACE Model

Photo : Maung Pyai Phyoe

ART DIRECTOR : NYO MINN KHANT

အမည် - ဖြိုးကိုကို။
မိဘအမည် - ဦးဇော်လင်း၊ဒေါ်စန်းသီတာ။
မွေးနေ့ - ၁၇.၁၂.၁၉၉၃။
သွေးအမျိုးအစား - အို (ဝ)။
အရပ် - ၅ပေ ၈လက်မ။
ကိုယ်အလေးချိန် - ၁၃၅ ပေါင်။
ဝါသနာ - မော်ဒယ်လ်၊သရုပ်ဆောင်။
မွေးချင်း - တစ်ယောက်။
ရည်မှန်းချက် - အောင်မြင်တဲ့ သရုပ်ဆောင်တစ်ယောက်။
အနုပညာလှုပ်ရှားမှု - ကြော်ငြာတစ်ခု၊ မဂ္ဂဇင်းရိုက်ဖူး။

**ဖြိုးကိုကို ရဲ့ အကြိုက်ဆုံးတွေကတော့ . . .**

အရောင် - အနက်
ဂီတအမျိုးအစား - pop၊
ရုပ်ရှင်အမျိုးအစား - ဒရမ်မာ။
ဖက်ရှင်အမျိုးအစား - free style။
ဆံပင်ပုံစံ - အတို။
ဆံပင်အရောင် - မဟော်ဂနီ။
အသုံးဆောင်ပစ္စည်း - ဖုန်း၊ရေမွှေး။
အလှကုန်ပစ္စည်း - Japan products။
အစားအစာ - မုန့် ဟင်းခါး။
စာအုပ် - ဆရာဖေမြင့်။
လက်ကိုင်ထားတဲ့ ဆောင်ပုဒ် - သင်ပြုသောကံ ပဲ့တင်သံ သင့်ထံပြန်လာမည်။



FOCUS


New Face
Model
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
FOCUS

# NEW FACE Model

**Photo : Maung Pyai Phyoe**
**ART DIRECTOR : NYO MINN KHANT**

| | |
|---|---|
| အမည် | - ပြည့်ဖြိုး (ပြည့်ဖြိုးကျော် ) |
| မိဘအမည် | - ဦးကျော်ဇံ ၊ဒေါ်စန်းစန်း ။ |
| မွေးသက္ကရာဇ် | - ၁၀.၁.၁၉၉၁ ။ |
| နေရပ်လိပ်စာ | - အမှတ်(၂၁/၄၃)ဆည်မြောင်းလမ်း၊ ရွှေပေါက်ကံ။ |
| အရပ် | - (၅)ပေ (၈)လက်မ ။ |
| ဝါသနာ | - ဘောလုံးကန်ခြင်း ။ စာဖတ်ခြင်း ။ သီချင်းနားထောင်ခြင်း ။ |
| | - ဓါတ်ပုံရိုက်ခြင်း ။ |
| ရည်မှန်းချက် | - ပရိသတ်လက်ခံနိုင်တဲ့ အနုပညာရှင်တစ်ယောက် ။ |

**ပြည့်ဖြိုးရဲ့ အကြိုက်ဆုံး တွေကတော့ . . .**

| | |
|---|---|
| ဆံပင်အရောင် | - အမည်းရောင်၊ ကော်ဖီရောင် ။ |
| ဆံပင်ပုံစံ | - ခပ်ဆန်းဆန်းမဟုတ်သော လူငယ်ပုံစံ ။ |
| ဖက်ရှင် | - Free Style ။ |
| အားကစား | - ဘောလုံးကန်ခြင်း ။ |
| အဆိုတော် | - စိုင်းစိုင်းခမ်းလှိုင် ။ |
| သရုပ်ဆောင် | - နေတိုး ။ |
| နေရာ | - အင်းလေး ။ |
| စာအုပ် | - ခရောင်းလမ်းသို့ ဖြတ်ကျော်ခြင်း (ဆရာနန္ဒ သိန်းဇံ) ။ |
| သီချင်း | - 25 minutes ။ |
| ရုပ်ရှင် | - Police Story ။ |
| အစားအစာ | - မုန့် ဟင်းခါး ။ |
| အသုံးအဆောင် | - Phone၊ Computer ။ |
| လက်ကိုင်ထားသော ဆောင်ပုဒ် | - No Pain ; No Gain ။ |

**အကယ်၍ သင်ဟာ Focus Online Cover ရှင်ဖြစ်ခဲ့ရင်ခံစားချက်။**

အနုပညာလမ်းပေါ်စတင်ခြေချခွင့်ရလိုက်တဲ့အတွက် ကျွန်တော်ဝါသနာပါတဲ့အနုပညာလုပ်ငန်းတွေကို အကောင်းဆုံးလုပ်ဆောင်သွားပါ့မယ်။

**ပရိသတ်အတွက် စကားလက်ဆောင်**

ပရိသတ်အတွက်အကောင်းဆုံးတင်ဆက်ပြသပေးမယ့် အနုပညာရှင်ကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားသွားပါ့မယ်။ပရိသတ်အားပေးမှုတွေက ကျွန်တော့်အတွက် အားဆေးတစ်ခွက်ပါ။



FOCUS



NEW FACE
Model
Photo : Maung Pyai Phyoe
ART DIRECTOR : NYO MINN KHANT
FOCUS



# New Face Model

**Photo : Maung Pyai Phyoe**

ART DIRECTOR : NYO MINN KHANT

| | |
|---|---|
| အမည် | - စိုင်းလေး (စိုင်းသူရကို) |
| မိဘအမည် | - ဦးသန်းလွင်၊ ဒေါ်ခင်မြိုး |
| ဇာတိ | - မိုးကုတ် |
| မွေးနေ့ | - 28.9.1992 |
| သွေးအမျိုးအစား | - A အေ |
| အရပ် | - 5ပေ 8လက်မ |
| ကိုယ်အလေးချိန် | - 125 |
| ဝါသနာ | - မော်ဒယ် ၊၊သရုပ်ဆောင် |
| ပညာအရည်အချင်း | - B.A(Geo) |
| မွေးချင်း | - သုံးယောက်၊ အကိုနှစ်ယောက်ကအမွှာ၊ ကျတော်က အငယ်ဆုံး |
| အကြိုက်ဆုံးအရောင် | - အဖြူ၊အနက် |
| ဖက်ရှင်အမျိုးအစား | - free style |
| ဂီတအမျိုးအစား | - pop |
| ရုပ်ရှင် | - Drama |

စိုင်းလေးရဲ့ အကြိုက်ဆုံးတွေကတော့ . . .

| | |
|---|---|
| ဆံပင်ပုံစံ | - အတို |
| ဆံပင်အရောင် | - မပေါ်ဂနီ |
| အသုံးအဆောင် | - ဖုန်း၊ရေမွှေး |
| အစားအစာ | - ရှမ်းထမင်းချဉ် |
| စာအုပ် | - ဒေးကာ နက်ဂျီ |
| လက်ကိုင်ထားတဲ့ ဆောင်ပုဒ် | - သူများကို့ကိုပစ်တဲ့ အုတ်ခဲတွေနဲ့ပဲ ကို့အတွက် ခိုင်မာတဲ့ အုတ်မြစ်ကိုပဲ ချထားချင်တယ် |

FOCUS


NEW FACE
Model
Photo : Maung Pyai Phyoe
ART DIRECTOR : NYO MINN KHANT



# New Face Model

Photo : Maung Pyai Phyoe

Art Director : Nyo Minn Khant

အမည် - ရှိန်းဝေယံထက်

မိဘအမည် - ဦးထွန်းထွန်း၊ ဒေါ်သီရိ

မွေးနေ့ - ၁၄.၂.၁၉၉၀

သွေးအမျိုးအစား - အို

အရပ် - ၅ပေ ၉လက်မ

ကိုယ် အလေးချိန် - ၁၄၅ ပေါင်

အနုပညာလှုပ်ရှားမှု - ရန်အောင်နဲ့ နတ်သမီးများ မွဲမှာ ပါဝင်ဖူးတယ်။ မာန်ထက်ချို နဲ့ ဇာတ်ကားတွေ ရိုက်နေတယ်။

အကြိုက်ဆုံး အရောင် - အမည်း၊ အဖြူ၊ အနီ

အနှစ်သက်ဆုံး ဂီတအမျိုးအစား - အားလုံးကြိုက်ပါတယ်။

အနှစ်သက်ဆုံး ရုပ်ရှင်အမျိုးအစား - Drama ၊ Fancy ၊ Action

အနှစ်သက်ဆုံး Fashion အမျိုးအစား - Free Style၊ Formal Dress

အနှစ်သက်ဆုံး ဆံပင်ပုံစံ - မျိုးစုံထားဖြစ်ပါတယ်။ အတိုအထောင်လည်း ကြိုက်တယ်။

အနှစ်သက်ဆုံး ဆံပင်အရောင် - Mahogany Red

အကြိုက်ဆုံး အသုံးအဆောင်ပစ္စည်း - Phone ၊ နေကာမျက်မှန်၊ Shoe

အကြိုက်ဆုံး အလှကုန်ပစ္စည်း - ရေမွှေး

အကြိုက်ဆုံး အစားအစာ - မြန်မာအစားအစာတွေ အားလုံး ကြိုက်တယ်။ Sushi လည်း ကြိုက်တယ်။

အကြိုက်ဆုံးစာအုပ် - ဆရာဇေမြင့်ရဲ့ နှလုံးသားအာဟာရ စာအုပ်၊ ဒေါက်တာမတင်ဝင်းရဲ့ သမီးလေးဖတ်ဖို့ စာအုပ်

အနှစ်သက်ဆုံး ဆောင်ပုဒ် - ကိုယ်ကျင့်တရားကောင်းရင်၊ စိတ်ထားကောင်းရင်ဘယ်တော့မှ ဒုက္ခမရောက်ဘူး။

FOCUS ONLINE


NEW FACE
Model
Photo : Maung Pyai Phyoe
ART DIRECTOR : NYO MINN KHANT
FOCUS

# NEW FACE Model

Photo : Maung Pyai Phyoe

ART DIRECTOR : NYO MINN KHANT

| | |
|---|---|
| အမည် | - သံစဉ်သစ္စာ |
| မိဘအမည် | - ဦးသက်နိုင်၊ ဒေါ်နွယ်နွယ်ဝင်း |
| မွေးသက္ကရာဇ် | - 28.3.1993 |
| သွေးအုပ်စု | - ဘီ (B) |
| ကိုယ်အလေးချိန် | - ၉၅ ပေါင် |
| အရပ် | - (၅)ပေ (၃)လက်မ ။ |
| ဝါသနာ | - Photo Model |
| အနုပညာလောကထဲသို့ ဝင်ရောက်ခဲ့ချိန် | - ၂၀၁၂ ခုနှစ် ၈ လပိုင်း |
| အနုပညာ အတွေ့အကြုံ | - Auto Mobile ဂျာနယ် Coven သရုပ်ဖော် မဂ္ဂဇင်း၊ Wellness မဂ္ဂဇင်း နဲ့ အခြား ဂျာနယ် မဂ္ဂဇင်းတွေ ရိုက်ထားပါတယ်။ |

**သံစဉ်သစ္စာရဲ့ အကြိုက်ဆုံး တွေကတော့ . . .**

| | |
|---|---|
| အရောင် | - အဖြူ၊ အမည်း |
| ဂီတ | - Hip Hop |
| ရုပ်ရှင် | - အခုနောက်ဆုံးကြည့်နေတဲ့ "အလျှော်အစား ပြင်းတယ်" |
| ဆံပင်အရောင် | - ရွှေညိုရောင် |
| အသုံးအဆောင် ပစ္စည်း | - နားကပ်၊ဖိနပ်၊ ရေမွှေး |
| Cosmectic | - Canmake |
| အစားအစာ | - ကြေးအိုး၊ ကြာဇံချက်၊ ရခိုင်မုန့်တီ |
| စာအုပ် | - ဆရာမဂျူးရဲ့ " သူ ... မင်းကို ဘယ်တော့မှ" |
| အနုပညာရှင် | - စိုင်းစိုင်းခမ်းလှိုင် |
| စံထားရတဲ့ Model | - Photo Model ဆိုရင်တော့ သဉ္ဇာနွယ်ဝင်း၊ Catwalk Model ဆိုရင်တော့ ခင်နှန်းထိုက် |
| စိတ်ကူးထဲက လက်တွဲဖော်ရဲ့ ပုံစံ | - ကိုယ့်ကိုယ် နားလည်ပေးနိုင်မဲ့သူပေါ့။ |
| လက်ကိုင်ထားသော ဆောင်ပုဒ် | - အလုပ်တစ်ခုကို လုပ်ရင် အကောင်းဆုံးကြိုးစားသွားမယ် ဆိုတဲ့စိတ် အမြဲမွေးထားပါတယ်။ |




New Face
Model
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
FOCUS

# New Face Model

Photo : Maung Pyai Phyoe

ART DIRECTOR : NYO MINN KHANT

| | |
|---|---|
| အမည် | - သွန်းဆုရွှာ (စံပယ်။) |
| မွေးသက္ကရာဇ် | - ၁၃.၁၁.၁၉၉၀။ |
| မိဘအမည် | - ဦးမင်းဆွေဦး၊ဒေါ်ထားထားချို။ |
| နေရပ်လိပ်စာ | - အမှတ်(၂၃၇) ၃၆ လမ်း။ |
| | - ကျောက်တံတားမြို့နယ် ၊ရန်ကုန်။ |
| အရပ် | - (၅)ပေ (၅)လက်မ။ |
| ဝါသနာ | - Travelling ၊ Modelling ၊ Happy others like Volunteer ။ |
| ရည်မှန်းချက် | - Successful Business Woman ၊ Famous Model ။ |

**သွန်းဆုရွှာ ရဲ့ အကြိုက်ဆုံးတွေကတော့ . . .**

| | |
|---|---|
| ဆံပင်အရောင် | - Gold ။ |
| ဆံပင်ပုံစံ | - Curly ။ |
| ဖက်ရှင် | - Cute Style Fashion ။ |
| အားကစား | - Swimming , Running , Playing Tennis ။ |
| နေရာ | - Pyin Oo Lwin ။ |
| အဆိုတော် | - Taylor Swift ။ |
| သရုပ်ဆောင် | - မသက်မွန်မြင့် ။ |
| စာအုပ် | - ဖေမြင့် ၊ ဂျူး ။ |
| သီချင်းပုံစံ | - R & P ,K-Pop ။ |
| ဇာတ်ကား | - Adventure & Action ။ |
| အစားအစာ | - Sushi ၊ ကြေးအိုးဆီချက် ။ |
| လက်ဝတ်ရတနာ | - Fancy။ |
| လက်ကိုင်ထားသော ဆောင်ပုဒ် | - မှန်တဲ့အရာလုပ်ပြီး ကောင်းတဲ့ ရှုထောင့်ကမြင်ခြင်း။ |

*အကယ်၍ သင်ဟာ Focus Online Cover ရှင် ဖြစ်ခဲ့ရင်ခံစားချက်။*

ကြိုးစားတဲ့အတိုင်းတာတစ်ခုထိရအောင်လုပ်ပါ့မယ်။ အရမ်းလဲဝမ်းသာမိမှာပါ။

**ပရိသတ်အတွက်စကားလက်ဆောင်။**

နေရာတစ်ခုရတဲ့အထိ ကြိုးစားသွားမှာပါ။ သွန်းဆုကိုချစ်တဲ့ပရိသတ်ရော၊မချစ်တဲ့ပရိသတ်ရောအားလုံးကိုချစ်ပါတယ်။အားပေးကြပါလို့ ပြောချင်ပါတယ်။




New Face
Model
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
FOCUS

# New Face Model

Photo : Maung Pyai Phyoe

ART DIRECTOR : NYO MINN KHANT



| | | |
|---|---|---|
| အမည်အရင်း | - | မယမင်းကျော့မှူး။ |
| အနုပညာအမည် | - | မယုဝတီနွယ်။ |
| မွေးသက္ကရာဇ် | - | ၁၀.၆.၁၉၉၀။ |
| မိဘအမည် | - | ဦးဘထူးစိန် ၊ ဒေါ်ခင်မာသန်းဆွေ။ |
| နေရပ်လိပ်စာ | - | အမှတ် (၅၉) ၊ အခန်း (၁၀၂) ၊ ဗိုလ်တထောင်အိမ်ယာ၊ ဗိုလ်တထောင်မြို့နယ် ၊ရန်ကုန်။ |
| အရပ် | - | (၅) ပေ (၄) လက်မ။ |
| ဝါသနာ | - | Modelling ။ |
| ရည်မှန်းချက် | - | အောင်မြင်တဲ့မော်ဒယ်လ် တယောက်ဖြစ်ချင်တာပါ။ |

**ယုဝတီနွယ် ရဲ့ အကြိုက်ဆုံးတွေကတော့ . . .**

| | | |
|---|---|---|
| ဆံပင်အရောင် | - | ရွှေအိုရောင်။ |
| ဆံပင်ပုံစံ | - | အကောက်။ |
| ဖက်ရှင် | - | Free Style။ |
| အားကစား | - | ကြက်တောင်ရိုက်ခြင်း။ |
| နေရာ | - | ပြင်ဦးလွင်။ |
| အဆိုတော် | - | စိုင်းစိုင်းခမ်းလှိုင်။ Nine-one ၊ Snare ။ |
| သရုပ်ဆောင် | - | အောင်ရဲလင်း ၊ မိုးဟေကို။ |
| စာအုပ် | - | Black Law ။ |
| သီချင်း | - | Hip Hop ။ |
| ရုပ်ရှင် | - | Korea Movie ။ |
| လက်ဝတ်ရတနာ | - | ပတ္တမြား |
| လက်ကိုင်ထားသော ဆောင်ပုဒ် | - | Do it now ! |

*အကယ်၍သင်ဟာ ( Focus Online Cover )*
ဖြစ်ခဲ့ရင်ခံစားချက်။
အရမ်းဝမ်းသာမိမှာပါ။

***ပရိသတ်အတွက်စကားလက်ဆောင်။***
ပရိသတ်ကြီးအားလုံး စိတ်ချမ်းသာ
ကိုယ်ကျန်းမာပြီးပျော်ရွှင်နိုင်ကြပါစေ။


New Face
Model
Photo : Maung Pyai Phyoe
Art Director : Nyo Minn Khant
FOCUS



# NEW FACE Model

*Photo : Maung Pyai Phyoe*

ART DIRECTOR : NYO MINN KHANT

| | |
|---|---|
| အမည်အရင်း | - ဇော်ပိုင် ။ |
| အနုပညာအမည် | - ဇော်ပိုင်။ |
| မိဘအမည် | - ဦးရွှေပြည့် ၊ဒေါ်စိန်နက် ။ |
| မွေးသက္ကရာဇ် | - ၉.၁၁.၁၉၉၀ ။ |
| နေရပ်လိပ်စာ | - အမှတ်(၂၂) မြေညီထပ်၊ ရတနာလမ်း၊ဗဟန်းမြို့ နယ်။ |
| အရပ် | - (၅)ပေ (၈)လက်မ ။ |
| ဝါသနာ | - Photo Model ။ |
| ရည်မှန်းချက် | - အောင်မြင်သော Photo Model |

**ဇော်ပိုင်ရဲ့ အကြိုက်ဆုံးတွေကတော့ . . .**

| | |
|---|---|
| ဖက်ရှင် | - ဖက်ရှင်ကျ၍ခွဲဆောင်မှု ရှိသောပုံစံ ။ |
| ဆံပင်ပုံစံ | - သပ်ရပ်၍ up to date ဖြစ်မည့်ဆံပင်ဒီဇိုင်း ။ |
| နေရာ | - မြန်မာပြည် ။ |
| အဆိုတော် | - မာမာအေး။ |
| သရုပ်ဆောင် | - မြင့်မြတ်၊ မို့ မို့ မြင့်အောင် ။ |
| စာအုပ် | - မြန်မာသမိုင်းနှင့်ပတ်သက် သောစာအုပ်များ ။ |
| သီချင်း | - Pop သီချင်းများ ။ |
| ရုပ်ရှင် | - ဟာသရုပ်ရှင်များ ။ |
| အစားအစာ | - တရုတ်အစားအစာ ။ |
| လက်ဝတ်ရတနာ | - စိန် ။ |
| လက်ကိုင်ထားသော ဆောင်ပုဒ် | - Never Give UP. ။ |

**အကယ်၍ သင်ဟာ *Focus Online Cover* ရှင်ဖြစ်ခဲ့ရင်ခံစားချက်**

တစ်ခါမှမရဖူးတဲ့အခွင့်အရေးမို့ လို့ အတိုင်းမသိပျော်မှာပါ။

**ပရိသတ်အတွက်စကားလက်ဆောင်**

ကြိုးစားနေဆဲမို့ အောင်မြင်အတွက် ကြိုးစားနေပါတယ်။


NEW FACE
Model
Photo : Maung Pyai Phyoe
ART DIRECTOR : NYO MINN KHANT
FOCUS

NEW FACE

# Model

Photo : Maung Pyai Phyoe

ART DIRECTOR : NYO MINN KHANT

| | |
|---|---|
| အမည်အရင်း | - ဖင်မင်းစိုး။ |
| အနုပညာအမည် | - ဖင်ဘိုထက်။ |
| မွေးသက္ကရာဇ် | - ၁၉.၅.၁၉၉၂။ |
| မိဘအမည် | - ဦးရဲစိုး ၊ ဒေါ်စန်းစန်းဝင်း။ |
| နေရပ်လိပ်စာ | - အမှတ်(၈) ၊ မင်းရန်အောင်(၅)လမ်း။ - (၁၂) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| အရပ် | - (၅)ပေ (၁၁)လက်မ။ |
| ဝါသနာ | - သီချင်းဆိုခြင်း။ |
| ရည်မှန်းချက် | - အောင်မြင်ကျော်ကြားသော အနုပညာရှင်တစ်ယောက်။ |

***ဖင်ဘိုထက် ရဲ့ အကြိုက်ဆုံးတွေကတော့ . . .***

| | |
|---|---|
| ဆံပင်အရောင် | - အညို။ |
| ဆံပင်ပုံစံ | - ပေါပင်။ |
| ဖက်ရှင် | - Free Style။ |
| အားကစား | - Basket Ball ။ |
| နေရာ | - ကရင်ပြည်နယ်တောင်တန်းများ။ |
| အဆိုတော် | - Maroon -5 ။ |
| သရုပ်ဆောင် | - ရောဘတ်ပါတီဆန်။ |
| စာအုပ် | - ဆရာဝင်းလှိုင် ( The Richest man of Babylon ) |
| သီချင်း | - Pay Phone ။ |
| ရုပ်ရှင် | - Iron Men-3 ။ |
| အစားအစာ | - ဘာကာ။ |
| လက်ဝတ်ရတနာ | - စိန် ။ |
| လက်ကိုင်ထားသော ဆောင်ပုဒ် | - Don't go to the end ။ |

***အကယ်၍သင်ဟာ ( Focus Online Cover ) ဖြစ်ခဲ့ရင်ခံစားချက်။***

အရမ်းပျော်မှာပါ။

***ပရိသတ်အတွက်စကား လက်ဆောင်။***

ပရိသတ်ကြီးရင်ခွင်တံခါးကို သော့ဖွင့်ထားပေးပါ။ ဖင်ဘိုထက် တစ်လှမ်းချင်း လှမ်းလာနေပါပြီ ။



FOCUS

# BillBoard Chart Top 10 (USA)



| No. | Song Name | Album | Singer |
|---|---|---|---|
| 1. | Can't Hold Us | The Heist | Macklemore & Ryah Lewis |
| 2. | Just Give Me A Reason | Just Give Me A Reason | Pink Feat Nate Ruess |
| 3. | Mirrors | The 20/20 Experience | Justin Timberlake |
| 4. | When I Was Your Man | Unorthodox Jukebox | Bruno Mars |
| 5. | Stay | Unapologetic | Rihanna Featuring Mikky Ekk |
| 6. | Cruise | Here's to the Good Times | Florida Georgia Line Feat Ne |
| 7. | Come & Get It | Come & Get It | Selena Gomez |
| 8. | Radioactive | Night Visions | Imagine Dragons |
| 9. | I Love It | Iconic | Icona Pop Feat Charli XCX |
| 10. | Get Lucky | Random Access Memories | Daft Punk Feat Pharrell Willia |

# BillBoard Chart Top 10 (Korea)

| No. | Song | Singer |
|---|---|---|
| 1. | What's Your Name ? | 4 Minute |
| 2. | Bom Bom Bom | Roy Kim |
| 3. | As I'm Getting Older | Vibe |
| 4. | Miss Korea | Lee Hyo Ri |
| 5. | This Love | Shinhwa |
| 6. | Yoo Hoo | Secret |
| 7. | Bounce | Cho Yong Pil |
| 8. | Let's Break Up | Seo In Young |
| 9. | Propose Song | 4Men |
| 10. | I Love You | Akdong Musician |

Billboard

FOCUS

# ၇ ရက်သားသမီး ဟောစာတမ်း ၂၄.၅.၂၀၁၃ မှ ၃၀.၅.၂၀၁၃ အထိ

Prof ဒေါက်တာ မြတ်သစ် (မှန္တလေး)

တနင်္ဂနွေ ။ ။ သင့်အတွက် မျှော်လင့်ချက်များ နီးထလာချိန်ဖြစ်မည်။ ကာလအတန်ကြာ မျှော်လင့်ထားသော ကိစ္စများ အောင်မြင်မှုရရှိမည်။ ရပ်ဝေးမှ မင်္ဂလာစကားကြားရတတ်သည်။ ထီပေါက်ကိန်းမြင်သည်။ မောင်နှမသားချင်းတယောက်၏ ကျန်းမာရေး ပြဿနာကြောင့် စိတ်သောကရောက်ရတတ်သည်။ ပညာရေး နိုင်ငံခြားဘာသာစကား သင်ယူရန် အထူးကောင်းမွန်သည်။ အချစ်ရေးတွင် မိမိမျှော်လင့်သော အဖြေကို ရနိုင်သည်။
ယတြာ- အိပ်ယာခင်း လဲပေးပါ။

တနင်္လာ ။ ။ သင့်အတွက် ရန်အတိုက်အခိုက် အနှောင့်အယှက်များသောကာလ ဖြစ်မည်။ နေရာတိုင်းတွင် အပြိုင် ရန်ဘက်များ ပေါ်လာတတ်သည်။ စိတ်မါတ်မကျပဲ မိမိ အလုပ်ကိုသာ ဆက်လက်လုပ်ကိုင်ပါ။ အိမ်တွင်းရေး မသာမယာဖြစ်တတ်သည်။ ငွေဝင်များသလောက် ငွေထွက်လည်းများမည်။ စာမေးပွဲ ၊ အင်တာဗျူးများ ဖြေဆိုရန် ကောင်းမွန်သောအခါဖြစ်သည်။ အချစ်ရေးတွင် ကိုယ်ကချစ်ရသလောက် ကိုယ့်အပေါ် မကြင်နာသူနှင့် ဆုံတတ်သည်။
ယတြာ- ငါးစာကျွေးပါ။

အင်္ဂါ ။ ။ သင့်အတွက် ခဲလေသမျှ သဲရေကျနေသော ကာလဖြစ်ပေမည်။ မျှော်မှန်းပြီး ကြိုးစားသမျှ အဖတ်မတင်တတ်ပေ။ မိသားစုအတွက် ခိုက်ရန် ဖြစ်တတ်သောကြောင့် အနေအထိုင်ဆင်ခြင်ပါ။ ကျန်းမာရေး ရေချိုးဆင်ခြင်ပါ။ ပညာရေး တွင် ထွန်းပေါက်နိုင်သဖြင့် ယုံကြည်ချက်ဖြင့် ကြိုးစားပါ။ အချစ်ရေး လက်ရှိတွဲနေသူသာ အကောင်းဆုံးဖြစ်မည်။
ယတြာ- ဖွန်ပန်း ဘုရားကပ်ပါ။

ဗုဒ္ဓဟူး ။ ။ သင့်အတွက် အကောင်းအဆိုး ဒွန်တွဲနေသော ကာလဖြစ်မည်။ ပျော်ရွှင်စရာများထက် စိတ်ညစ်စရာက ပိုများနေတတ်သည်။ ရွှေ ဝင်ကိန်းမြင်သည်။ အဖတ်တင်အောင်ကြိုးစားပါ။ အထက်လူကြီး၏ ကူညီမ စ မှုကြုံရမည်။ ပညာရေး မျှော်မှန်းထားသော အောင်မြင်မှုရရှိမည်။ မိဘအကြီးအကဲ ကျန်းမာရေး ဂရုစိုက်ပေးပါ။ အချစ်ရေးတွင် အိမ်နီးချင်းတစ်ဦးအား စိတ်ကစားမိတတ်သည်။
ယတြာ- ရေတော် ၅ ခွက် ကပ်လှူပါ။

ကြာသပတေး ။ ။ သင့်အတွက် ကံကောင်းခြင်းများနှင့် ကြုံတွေ့ရနိုင်သည်။ ကာလအတန်ကြာ ကြိုးစားနေသော ကိစ္စ အဆင်ပြေ လိမ့်မည်။ တချို့သော ကိစ္စများတွင် ပတ်ဝန်းကျင်နှင့် ဆန့်ကျင်ဘက်ဖြစ်တတ်သည်။ ကျန်းမာရေး အစားမှားခြင်းကြောင့် ဒုက္ခ ရောက်နိုင်သည်။ ပညာရေး အလဟဿအချိန်မကုန်စေပဲ စာကိုသာ သေချာကြိုးစားပါ။ အချစ်ရေး ဝေခွဲမရသော အဖြစ်မျိုး ကြုံတတ်သည်။
ယတြာ- ပေါက်ပေါက်ပွင့် လှူပေးပါ။

သောကြာ ။ ။ သင့်အတွက် ယခုတလော သူများကိစ္စဖြင့် စိတ်သောကရောက်နေတတ်သည်။ ခါးခုတ်ရာ လက်ဝင်မလျှိုပါနှင့် ။ သူတစ်ပါး ကိစ္စ မိမိခေါင်းပေါ်ကျတတ်သည်။ အိမ်ရှိ စက်ပစ္စည်း တစ်ခုခု ချို့ယွင်းတတ်သည်။ အိမ်နီးခြင်းနှင့် စကားများရတတ်သည်။ ပညာရေးတွင် စိတ်ကို သေချာအာရုံစူးစိုက်ပါ။ ကျန်းမာရေး ရောဂါဟောင်းများ ပြန်ပေါ်လာတတ်သည်။ ချစ်သူနှစ်ဦးကြား သွေးခွဲသော စကားများမယုံပါနှင့်။
ယတြာ- ဆီမီး (၅)တိုင်ပူဇော်ပါ။

စနေ ။ ။ သင့်အတွက် စိတ်တွေဝေနေတတ်သော ကာလဖြစ်မည်။ အကြပ်အတည်းရွေးချယ်စရာ နှစ်မျိုး အပြိုင်ပေါ်လိမ့်မည်။ ရွေးချယ်မှု သတိထားပါ။ ယာဉ် သတိထားပါ။ သွေးထွက်သံယို ဖြစ်ကိန်းမြင်သည်။ အလည်အပတ်များထက် ပညာရေးကို ဦးစားပေးပါ။ ကျန်းမာရေး ခေါင်းကိုက် ခေါင်းခဲ ဖြစ်တတ်သည်။အချစ်ရေး မဖြစ်နိုင်သောသူကိုမှ စိတ်ကူးယဉ်ပြီး ချစ်မိတတ်သည်။
ယတြာ- နှင်းဆီ သက်စေ့ ကပ်လှူပါ။